# ရတနာပူရအင်းဝမြို့တည်နန်းတည်သမိုင်း (အေဒီ ၁၃၆၅ – ၁၈၃၇)

ဒေါ်တင်မျိုးမြတ်
ကထိက(ဦးစီး)
သမိုင်းဌာန
ဒေါ်သွင်သွင်မိုး
လက်ထောက်ကထိက (အဖွဲ့ဝင်)
သမိုင်းဌာန

## အချုပ်

ဤစာတမ်းသည် မြန်မာ့သမိုင်းတလျှောက်တွင် အင်းဝ၌နေပြည်တော်အဖြစ်မည်သို့မည်ပုံ တည်ဆောက်ခဲ့သည်ကို တင်ပြထားခြင်းဖြစ်သည်။ အင်းဝကို သတိုးမင်းဖျားလက်ထက် ၁၃၆၅ တွင် စတင်တည်ထောင်ခဲ့ပြီး အင်းဝပျက်သုဉ်းချိန်အထိ ၁၃၅နှစ်ခန့် ညောင်ရမ်းဆက်တွင် ညောင်ရမ်းမင်း ၁၅၉၈ တွင်ပြန်လည်တည်ဆောက်ခဲ့သည်မှ မွန်တို့ကျူးကျော်မှုကြောင့် ပျက်စီးခဲ့ရသည့် ၁၅၄ နှစ်၊ စုစုပေါင်း ၃၁၆ နှစ်ခန့်နေပြည်တော်အဖြစ်ရပ်တည်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင်မူ မြေဒူးမင်း (၁၇၆၃–၇၆) လက်ထက် ၁၂ နှစ်ခန့်၊ စစ်ကိုင်းမင်း (၁၈၁၉–၃၇) လက်ထက် ၁၆ နှစ်ခန့် စုစုပေါင်း ၂၈နှစ်ခန့်သာ နေပြည်တော်အဖြစ် ရပ်တည်ခဲ့ကြောင်း တင်ပြထားပါသည်။ တနည်းအားဖြင့် မြန်မာ့သမိုင်းတလျှောက်တွင် ပုဂံ၊ ပင်းယ၊ တောင်ငူ၊ ဟံသာဝတီ၊ ရွှေဘို၊ အမရပူရ၊ မန္တလေး စသည့်မြို့တော်များတည်ဆောက်ခဲ့ရာ အင်းဝမြို့တော်သည်သာ မြို့သက်အရှည်ဆုံးနေပြည်တော် အဖြစ်ရပ်တည်နိုင်ခဲ့ပေသည်။ ဤစာတမ်းတွင် မြန်မာမင်းများ အဘယ့်ကြောင့်မြို့တော်သစ်များ တည်ဆောက်ခဲ့ကြသနည်း၊ မည်သည့်အယူအဆများဖြင့်တည်ဆောက်ခဲ့ကြသနည်း၊ မည်သည့် အကျိုးဆက်ရသနည်း ဟူသည့်အချက်များကိုပါ ပြည်စုံအောင်အားထုတ်တင်ပြထားပါသည်။ ဤစာ တမ်းကိုတင်ပြရာတွင် တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ရှိ မူရင်းအထောက်အထား ပေ၊ ပုရပိုက်များ၊ အားကိုးလောက်သည့် တဆင့်ခံအထောက်အထားများကို အသုံးပြု၍တင်ပြထားပါသည်။